ညောင်ခမ်းကျေးရွာ

မိုင်းပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ခမ်းကျေးရွာ၊ မိုင်းပန်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ မေလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြမြေပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ**	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရေ လုပ်ငန်းများ	၁၀
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၁
၈။	ကျန်းမာရေး	၁၁
၉။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	၁၂
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး**	၁၂
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၃
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၅
နောက်ဆက်တွဲ		

	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၈
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၉
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြ ရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲ ဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။


ဇန်နဝါရီလ ၂၀၂၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ညောင်ခမ်းကျေးရွာ

မိုင်းပန်မြို့နယ်

နောင်ဟီးကျေးရွာ သယ်ဇာတပြမြေပုံ၊မိုင်းပန်မြို့နယ်



ညောင်ခမ်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ မိုင်းပန်မြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ညောင်ခမ်းကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၏ နောင်ဟီးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ မိုင်းပန်မြို့၏ တောင်ဘက် (၂)မိုင်အကွာတွင် တည်ရှိပါသည်။ မိုင်းပန်မြို့နယ်နှင့်အနီးတွင်ရှိပြီး ရှမ်းလူမျိုးများ အများဆုံး နေထိုင်ကြ ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေက(၁၉)ဧက ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာအသင့်အတင့်ကောင်းမွန် ပါသည်။ ကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ရွာ၏အရှေ့ဘက်တွင် တောင်ကုန်းတောင်တန်းများရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင်အိမ်ခြေ(၂၉)ရှိပြီး လူဦးရေပေါင်း(၁၂၉)ဦးရှိသည်။ အိမ်ခြေနှင့် လူဦးရေအချိုးညီမျှသည် ဟု ယူဆပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ ကျေးရွာရှိ မူလတန်း ကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းတက်ကြပါသည်။ အလယ်တန်း ရောက်လျှင် မိုင်းပန်မြို့၊ တောင်ကြီးမြို့တို့တွင် ဆက်လက် ပညာသင်ကြားကြပါသည်။ အဆောင်စရိတ် ငွေကြေးမတတ်နိုင်သောကြောင့် အလယ်တန်း၊အထက်တန်းတက်ရောက်သူ နည်းပါး ပါသည်။ ကျေးရွာလူဦးရေ၏ (၅၀)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် အခွင့်အရေးဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့များရှိပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖ

အဖွဲ့သည် ကျေးရွာဏာဘာသာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် ဦးဆောင်ကြပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များ အတွက် (၅)ဦးပါဝင်သောကျောင်းကော်မတီမှဦးဆောင်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ပြောင်း၊နှမ်း၊ပဲပုပ်၊စပါး၊ကြက်သွန်ဖြူတို့ကိုအဓိကစိုက်ပါသည်။ အိမ်ဆိုင်လုပ်ကိုင်သူ (၃)အိမ်ရှိပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်လယ်၊ တောင်ယာ စသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုတချို့မှာ ကျပန်းလုပ်ကိုင် အသက်မွေးကြပါသည်။ ပြောင်း၊နှမ်း၊ပဲပုပ်၊ စပါး၊ကြက်သွန်ဖြူ စိုက်ပျိုးခြင်းအား စီးပွားဖြစ် စိုက်ပျိုးကြပါသည်။ကျေးရွာအနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများကြောင့် လယ်မြေအနည်းအကျဉ်း သာရှိပြီး တောင်ယာ စိုက်ပျိုးသူနှင့်ပိုင်ဆိုင်မှုနည်းပါးပါသည်။ မိမိတို့ စိုက်ပျိုးရန်တတ်နိုင်သောဧကထိ ပြောင်းသီးနှံကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အိမ်ထောင်စု (၄)စုသာ မြေယာမဲ့ဖြစ်ပါသည်။ စိုက်ပျိုးစရိတ် အရင်းအနှီး မတတ်နိုင်သော ကြောင့် မြေယာပိုင်ဆိုင်သလောက်စိုက်ပျိုးနိုင်ခြင်းမရှိပါ။စိုက်ပျိုးရေရရှိရန် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးကြပါသည်။ကျေးရွာတွင် စပါးနှင့် ပြောင်းသီးနှံကို အဓိကစိုက်ပျိုးကြပါသည်။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်ကန်မှုအပေါ် မူတည်၍ အထွက်နှုန်း ကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။ တောင်ပေါ်ဒေသဖြစ်သောကြောင့် အဆင့်မြင့်စိုက်ပျိုးရေးသုံးစက်ကိရိယာ များပိုင်ဆိုင်၊သုံးစွဲနိုင်မှုမရှိပဲ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးကြပါသည်။ ကျေးရွာ တွင် လက်တွန်းထွန်စက်(၁)စင်းရှိပါသည်။ လက်တွန်းထွန်စက်ကို တစ်နာရီလျှင် (၅၀၀၀)နှုန်းဖြင့် ဌားရမ်းအသုံးပြုနိုင်ပါသည်။ ကျွဲ၊နွားအနည်းငယ်သာရှိသဖြင့် သဘာဝမြေဩဇာများကို အနည်းငယ်သာသုံးစွဲနိုင်ပြီး ဓါတ်မြေဩဇာများ အများဆုံး အသုံးပြုကြပါသည်။ ဓါတ်မြေဩဇာများကိုလည်း မိုင်းပန်မြို့တွင် အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို မိုင်းပန်မြို့တွင် ရောင်းချနိုင်သည်။ ဆေးဆိုင် များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ များကိုသာ အသုံးပြုကြသည်။ ရံဖန်ရံခါတွင် ပိုးသတ်ဆေးသုံးသော်လည်း မနိုင်ကြောင်းတွေ့ရပါ သည်။ မြို့နှင့်ဝေးခြင်း၊ အလေ့အထမရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးဌာနနှင့်

ဆက်သွယ်ကြခြင်းမရှိပါ။ ယခုနှစ်တွင် ရာသီဥတုမမှန်သောကြောင့် အပင်များလောင်ကျ ပျက်စီးမှု ရှိသည်။ ချေးငွေကို ပွဲစားများ ထံမှရရှိပြီး အတိုးနှုန်း(၅%)နှုန်းပေးရသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။ သီးနှံများဆုံးရှုံးမှုများဖြစ်ပါကပေးဆပ်ရန်ခက်ခဲကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်ကျွဲ၊ ဝက်၊ ကြက် စသည့်တိရစ္ဆာန်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ပြောင်းသီးနှံများကိုစိုက်ပျိုးကြသော်လည်းတိရစ္ဆာန်အစာအဖြစ်အသုံးပြုမှုနည်းပါသည်။ နှစ်စဉ်ကြက်ရောဂါကျရောက်ပြီး သေဆုံးမှုရှိသည်။ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေး ကိုစီးပွားဖြစ် လုပ်ကိုင်ကြခြင်းမရှိပါ။ ရေနှင့်မြေနေရာရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။ ငါးမွေးမြူရေလုပ်ငန်းဆောင်ရွက်ခြင်းမရှိပေ။ မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာ ဝန်ဆောင်မှုများနှင့် စားကျက်မြေရှားပါးမှုများ အဓိကအခက်အခဲဖြစ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းများမှလွဲ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း မရှိပါ။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ပွဲစားများထံမှ ငွေချေးယူ၍ရရှိနိုင်ပြီး အတိုး (၅%)ပေးရသည်။ သို့သော်အဆင်မပြေသော အိမ်ထောင်စုများမှာ ကျေးရွာတွင်းရှိမိတ်ဆွေ၊ဆွေမျိုးများထံမှသာပမာဏ အနည်းငယ်ကိုချေးယူကြရသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များမှာအိမ်တိုင်းစေ့လိုလို ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ထော်လာကျီ၊ ကားရှိပါသည်။ ကျေးရွာတွင်လမ်းများသည် မြေသားလမ်းမျှသာဖြစ်ပြီး ကိုယ်ထူကိုယ်ထဖြင့် ဖြုံးကျောက်အနည်းငယ်ခင်းထားသော်လည်း တည်ဆောက်သည့်ကာလ ကြာမြင့်ပြီဖြစ်သောကြောင့် မိုးရာသီတွင်ပျက်စီးမှုများဖြစ်ပေါ်တတ်ပါသည်။ မိမိတို့ကျေးရွာ၏ အဓိကလမ်းမကြီးအား အခြားကျေးရွာများကပါ သုံးစွဲလျက်ရှိသောကြောင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါသည်။

ချဉ်းကပ်လမ်း၊ ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းအဆင့်သာဖြစ်သောကြောင့် အဆင့်မြှင့်ပြုပြင် သင့်ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိနေပြီဖြစ်ပါသည်။ ပျက်စီးပါက လာရောက်ပြုပြင်ပေးမည့် အဖွဲ့အစည်းများ ရှိပါသည်။ ကျေးရွာတွင် အိမ်ခြေ(၂၉)ရှိပြီး လျှပ်စစ်မီးကို သုံးစွဲနိုင်ပြီး ငွေကြေး မတတ်နိုင်သော အိမ်ထောင်စုမရှိပါ။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဆက်သွယ်ရေးတာဝါတိုင်များရှိသောကြောင့်ဖုန်းဆက်သွယ်ရေးကောင်းမွန်ရုံသာမက ကျေးရွာဖွံ့ဖြိုးရေး အတွက် လည်း အထောက်အကူပြုပါသည်။

၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၁၂၉)ဦးတွင် တက္ကသိုလ်အဆင့်ရှိသူ (၂)ဦးသာရှိခြင်းသည် ကျေးရွာ၏ ပညာရေးအားနည်းမှုကို ဖော်ပြလျက်ရှိပါသည်။ မူလတန်းပညာတတ်မြောက်ပြီးလျှင် မိဘလုပ်ငန်းတွင် ဝင်ရောက်လုပ်ဆောင်ကြသည်မှာ များသည်။ အလယ်တန်းနှင့်အထက်တန်းကို မိုင်းပန်နှင့် တောင်ကြီးမြို့တွင်သာ သွားရောက်ပညာသင်ကြားကြရပါသည်။ ငွေကြေး တတ်နိုင်သူ အနည်းစုသာ မိမိတို့သား/သမီးများကို အဆောင်တွင်ထား၍ပညာသင်ကြားစေနိုင်ပါသည်။ ထို့ကြောင့် အလယ်တန်း၊အထက်တန်းပညာတတ်မြောက်သူနည်းသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ယင်လုံအိမ်သာများ သုံးစွဲမှုအားနည်းခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုများပြီး အခြားရောဂါများဖြစ်ပွားမှုအချို့တွေ့ရပါသည်။ သားဖွားခြင်းနှင့် ဖျားနာပါက ကျေးရွာကျေးလက် ဆေးပေးခန်းသို့သွားရောက်ကုသကြရပါသည်။ ကျန်းမာရေးဆရာမမှ လစဉ် ကာကွယ်ဆေးထိုးနှံ့ ပေးလျက်ရှိပါသည်။ ရောဂါပြင်းထန်ပါကရွာနှင့် (၂)မိုင်ခန့်အကွာရှိ မိုင်းပန်မြို့နယ်ဆေးရုံးသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင်သောက်သုံးရေကို စိမ့်စမ်းရေဖြင့် အသုံးပြုကြပါသည်။ ကိုယ်ပိုင်အဝီစိတွင်းရှိသူ(၁)အိမ်ရှိပါသည်။ နွေရာသီတွင် စိမ့်စမ်းရေ ရေထွက်နည်းသောကြောင့် ရေလုံလောက်မှုမရှိပါ။ ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲမှုအားနည်းပြီး တွင်းအိမ်သာများကိုသာသုံးစွဲကြပါသည်။ ကျန်းမာရေးအသိ အားနည်းခြင်း၊ ရေရှားပါးခြင်း၊

ငွေကြေးအင်အားနည်းပါးခြင်းတို့ကြောင့် ယင်လုံအိမ်သာကိုမသုံးကြသေးပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်အန္တရာယ်ရှိမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအလွန်အားနည်းပြီး အမှိုက်များအား လမ်းဘေးတွင်သာ စွန့်ပစ်ကြသည်သာများပြီး အမှိုက်ပုံဟူ၍ အတည်မရှိပါ။ ကျန်သည့်အခက်အခဲများမှာ အလယ်အလတ်အဆင့်သာရှိပါသည်။

၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ရှိသောအခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုအားနည်းပါသည်။ နေရာပေးရန် ယုံကြည်မှုမရှိခြင်း၊ ရှေးရိုးစွဲအယူအဆများစသည်တို့ကြောင့်ဖြစ်ပါသည်။ မိမိတို့ ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအားနည်းမှုများကြောင့် တရားဥပဒေနှင့် ပတ်သက်၍ အသိအမြင်များမရှိပေ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။ အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန် နေရာများမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များ ဖွဲ့စည်း ထားခြင်းမရှိပါ။ မြို့နှင့် ကွာဝေးသောကြောင့် ရဲဘက်ဆိုင်ရာမှ အသိပညာပေးဟောပြောပွဲ များကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှု မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁	ကွန်ကရစ်လမ်းခင်းခြင်း(၄၅၀)'	၁	✓				
၂	စိုက်ပျိုးရေး၊မွေးမြူရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်း	၂		✓			
၃	ကျေးရွာခန်းမဆောင်ဆောက်လုပ်ခြင်း	၃	✓				
၄	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၄	✓		✓		
၅	စာသင်ကျောင်းပြုပြင်မွမ်းမံခြင်း	၅				✓	

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- နောင်ဟီး
ကျေးရွာအုပ်စု	- နောင်ဟီးကျေးရွာအုပ်စု
မြို့နယ်	- မိုင်းပန်မြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည်	**- ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	လက်ရှိအသုံးပြုလျက်ရှိသော မြေသားလမ်းမှာ အပေါ်ယံတွင် ကိုယ်ထူကိုယ်ထဖြင့် ဗြုံးကျောက် အနည်းငယ် ခင်းထားသောကြောင့် သွားလာရအဆင်ပြေသော်လည်း မိုးရာသီတွင်မူ ရေမြောင်းများ စနစ်တကျ တူးဖော်ထားမှု မရှိခြင်း၊ ခင်းထားသော ဗြုံးကျောက်များမှာ စနစ်တကျစက်မှ ကြိတ်၍ ခင်းထားခြင်း မဟုတ်သောကြောင့် ပျက်ဆီးကာ သွားလာ ရခက်ခဲပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	လက်ရှိအချိန် မိုးရာသီတွင် သွားလာရခက်ခဲလျက်ရှိသော ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ခြင်းဖြင့် သွားလာရအဆင်ပြေစေရန် ရည်ရွယ်ပါသည်။

မျော်မှန်းအကျိုးရလဒ်

(လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)

ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ပြီးပါက ရွာမှ ထုတ်ကုန်များအားရာသီမရွေးမြို့သို့အချိန်မီတင်ပို့ရောင်းချနိုင်မည့်အပြင်၊ အခြားကျေးရွာများပါပိုမို သွားလာရလွယ်ကူ သွားမည်ဖြစ်ပြီး ကျေးရွာအနေဖြင့် ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဟု ယုံကြည်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

ကျေးရွာတွင်း လမ်းမကြီး ကွန်ကရစ်လမ်းခင်းခြင်း

လမ်းအရှည်ပေ – ၁၀၀၀’

လမ်းအကျယ်ပေ – ၁၀’

လမ်းအမြင့်ပေ – ၀’-၆” (လမ်းထု)

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• (ငွေသား) သိန်း (၁၀၀) ကျပ် • • (ပစ္စည်း/လုပ်အား)(၄၅)သိန်းကျပ်	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	၁	၂	၃	၄	**ပေါင်း**
ကျေးရွာအဆင့်	၅၇	၇၂	၁၂၉		၂၁	၈		၂၉
အကျိုးခံစားမည့်သူဦးရေ	၅၇	၇၂	၁၂၉		၂၁	၈		၂၉

မှတ်ချက်။ ချောင်လည်အဆင့် – ၁ ၊ အလယ်အလတ်အဆင့် –၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ – ၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာလူငယ်အဖွဲ့
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၀၂၀ ခုနှစ် ဇူလိုင် လ

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၀.၉.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာမှ အဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီး တစ်အိမ်တစ်ယောက်လုပ်အား ပါဝင်ပေးရမည် ဖြစ်ပါသည်။ အမှန်တကယ် လုပ်အား ပါဝင်ပေးနိုင်ခြင်း မရှိပါက ငွေကြေးမဖြစ်မနေ ပါဝင်ပေးရမည် ဖြစ်ပါသည်။ ယာဉ်/ စက်၊ ယန္တရားပိုင်ဆိုင်သူများအနေဖြင့်လည်း ကျေးရွာမှ ဆီထည့်ပါဝင်ကာ ကူညီလုပ်ကိုင်ပေးမည် ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကွန်ကရစ်လမ်း ရေရှည်တည်တံ့စေရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်း ကာ ယာဉ်ဖြတ်သန်းသွားလာခများ ကောက်ခံခြင်း၊ လိုအပ်ပါက ကျေးရွာမှ အလှူငွေများ ကောက်ခံကာ ပြုပြင်ခြင်းများ ပြုလုပ် ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

နောင်ဟီးကျေးရွာ၊ ညောင်ခမ်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးမြသောင်း		၁၃/မပန(နိုင်)၀၀၀၉၉၅	၄၅	ဥက္ကဋ္ဌ	
၂။	စိုင်းကောလီ	ဦးလုံးလောဝ်	၁၃/မပန(နိုင်)၀၁၀၁၄၅	၄၀	အတွင်းရေးမှူး	
၃။	စိုင်းတင်ထွန်း		၁၃/မပန(နိုင်)၀၀၃၈၈၆	၃၅	ဘဏ္ဍာရေးမှူး	
၄။	လုံးဝေလေး		၁၃/မပန(နိုင်)၀၂၃၃၁၀	၂၆	စာရင်းကိုင်	
၅။	နန်းငဲ		၁၃/မပန(နိုင်)၀၀၉၂၃၀	၂၇	သေ့ကိုင်(၁)	
၆။	နန်းမေးမေ		၁၃/မပန(နိုင်)၀၁၄၁၅၀	၂၈	အဖွဲ့ဝင်	
၇။	နန်းညိမ်း		၁၃/မပန(နိုင်)၀၀၀၉၀၃	၄၀	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်		၁	၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃		၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂	၁	၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄	၁၂	၄
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀	၅၀	၈၀
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၈	၁၉
စုစုပေါင်း		၅၇	၇၂	၁၂၉
စုစုပေါင်း အိမ်ထောင်စု				၂၉

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ (၂၉)ရှိပြီး လူဦးရေပေါင်း (၁၂၉)ဦးရှိသည်။ အိမ်ခြေနှင့် လူဦးရေအချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာလူဦးရေ၏ (၈၀)ဦးမှာ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးဖြစ်သည်ဟု မှတ်ယူမိပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းတွင် (၃)နှစ်ခွဲအချိန်မှစ၍ မူကြိုတက်ကြပါသည်။ အလယ်တန်းရောက်လျှင် မိုင်းပန်မြို့နယ်နှင့် တောင်ကြီးမြို့နယ်တွင် ဆက်လက်ပညာသင်ကြားကြပါသည်။ အသက်အရွယ်ကြီးမှ ကျောင်းထားကြသောကြောင့် ကျောင်းဆက်မတက်ချင်ကြသူများရှိပါသည်။ ငွေကြေး မတတ်နိုင်သောကြောင့် အလယ်တန်း၊ အထက်တန်းတက်ရောက်သူနည်းပါးပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁၃	၃၀	၀	မြင့် □ လတ် Â နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၉	၃၆		မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □□□□လတ်Â နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□ လတ် Â□□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၄	၀	၄	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။အိမ်အများစုတွင် ကိုယ်ပိုင်လယ်၊ တောင်ယာစသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုတချို့မှာ ကျပန်းလုပ်ကိုင် အသက်မွေးကြပါသည်။ ပြောင်းသီးနှံကို အဓိကထားစိုက်ပျိုးကြပြီး စပါးအနည်းငယ်စိုက်ပျိုးကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး နေ့စားလုပ်အားအဖြစ် ကျား (၅၀၀၀)ကျပ်၊ မ (၃၅၀၀)ကျပ်ဖြင့်ဌားရမ်းလုပ်ကိုင်ကြပြီး အများဆုံး၊

အနည်းဆုံးနှုန်းထားသတ်မှတ်မထားပဲ ပုံမှန်နှုန်းသာပေးချေကြပါသည်။ အမျိုးသားများသည် အလုပ်ပိုမို တွင်ကျယ်သောကြောင့် (၅၀၀)ကျပ်နှုန်းပေးချေရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၉.၀၀	ကောင်း Â သင့် ညံ့
ယာမြေ / တောင်ယာမြေ	၁.၀၀	ကောင်း သင့် ညံ့
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း သင့် ညံ့
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း သင့် ညံ့
ခနိတောမြေ	၀.၀၀	ကောင်း သင့် ညံ့
စားကျက်မြေ	၀.၀၀	ကောင်း သင့် ညံ့
မြေလွတ် မြေလပ်	၀.၀၀	ကောင်း သင့် ညံ့
စုစုပေါင်း	၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများကြောင့် လယ်မြေအနည်းအကျဉ်းသာရှိပြီး တောင်ယာမြေအနည်းငယ်သာရှိပါသည်။ မိမိတို့ စိုက်ပျိုးရန် တတ်နိုင်သော ဧကထိ ပြောင်းသီးနှံကို အဓိကထားစိုက်ပျိုးကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ သင့် နည်း မရှိ	လွယ် ခက် အသုံးမပြုနိုင်ပါ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ သင့် နည်း မရှိ	လွယ် ခက် အသုံးမပြုနိုင်ပါ
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ သင့် နည်း မရှိ	လွယ် ခက် အသုံးမပြုနိုင်ပါ
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ သင့် နည်း မရှိ	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များရှာဖွေတွေ့ရှိခြင်းမရှိပေ။ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များအား ယခင်ကတွေ့ရှိရသော်လည်း ယခုအခါ ရှားပါးနေပြီဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု		၂၁	၈	-

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အဆင်ပြေသောအိမ်ထောင်စုများတွင် လယ်/တောင်ယာကေပေါင်း (၁၀)ကေနှင့် တိုက်အိမ်၊ ထွန်စက်၊ မြက်ရိတ်စက်များပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်မိသားစုများမှ လယ်/တောင်ယာ (၁၅)ကေခန့်၊ ဝါးထရံကာအိမ်စသည်တို့ပိုင်ဆိုင်ကြပြီး အလွန်မပြေလည်သော အိမ်ထောင်စုများတွင် လယ်/တောင်ယာ (၄)ကေခန့်ပိုင်ဆိုင်ကြပါသည်။ အိမ်တိုင်းအိမ်တိုင်း ဆိုင်ကယ်ပိုင်ဆိုင်ကြပြီး ချမ်းသာသောမိသားစုတချို့တွင် ကား၊ ထော်လာဂျီစသည်တို့ ပိုင်ဆိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၂	၂	၄
မိသားစု/ရုပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			-
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူလိုအပ်လျက်ရှိသော လူများမရှိပေ။ အသက် (၆၄)နှစ်နှင့်အထက် အမျိုးသမီး (၂)ဦးနှင့် အမျိုးသား(၂)ဦးရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□□လတ်□□Â□□□□နိမ့်□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်Â□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□Â
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□Â
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ□
၁၂	၄ကပျောရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ□
၁၃	တိဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်Â□□□□□□□မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိÂ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□□□□□□နိမ့်□□□□□□□□မရှိÂ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းမရှိပါ။

ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။မိုးခေါင်ရေရှားမှုနှင့် တစ်ခါတစ်ရံ ရာသီဥတုမမှန်သောအခါတွင် စိုက်ပျိုးရေရှားပါးမှု အချို့ကြုံတွေ့ရတတ်ပါသည်။ လယ်ယာများတိုးချဲ့ခြင်း

များကြောင့် သစ်တောပြုန်းတီးမှုများဖြစ်ပွားလျက်ရှိပါသည်။ အခြားဖြစ်စဉ်များတွင်မူ
ထိခိုက်သက်ရောက်မှုမရှိသလောက်နည်းပါးပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □ လတ် □ နိမ့် Â မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □ လတ် □ နိမ့် □ မရှိ Â
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □ လတ် □ နိမ့် □ မရှိ Â
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်Â□□□□□□မရှိ□□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□□□လတ်Â□□□□□နိမ့်□□□□□□□မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိÂ
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□□□□□□□လတ်Â□□□□□□နိမ့်□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။
လေ့လာတွေ့ရှိချက်။ ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်	၁ ၂ ၃	၅	၂	၇	ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့
၂	ရပ်မိရပ်ဖ	၁ ၂ ၃	၅	၂	၇	ပညာရေးငွေကြေး ကျန်းမာရေးဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့
၃	သာရေးနာရေး	၁ ၂ ၃	၀	၀	၀	ပညာရေးငွေကြေး ကျန်းမာရေးဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း သင့် ညံ့
၄		၁ ၂ ၃				ပညာရေးငွေကြေး ကျန်းမာရေးဘာသာရေး စိုက်ပျိုးမွေးမြူရေး	ကောင်း သင့် ညံ့

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	
၅		၁ □ ၂ □ ၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□□ □ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၆		၁ □ ၂ □□□□□၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□□ □ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၇		၁ □ ၂ □ ၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□□ □ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ □ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လူငယ်အဖွဲ့သည်မူးယစ်ဆေးဝါးတိုက်ဖျက်မှုဆိုင်ရာ ကိစ္စရပ်များလုပ်ဆောင်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သုံးစွဲသူများကို လိုက်ဖမ်း၍ ဒဏ်တပ်ခြင်း၊ ရဲဘက်သို့ပို့ဆောင်ပေးခြင်းများဆောင်ရွက်ကြပါသည်။ သာရေး၊နာရေးအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များတွင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် နာရေးကိစ္စရှိပါက တစ်အိမ်လျှင် (၃၀၀၀/-)ကျပ်နှင့် ဆန်တပြည်နှုန်း ကောက်ခံပေးပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး
၂		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □ ၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁ □□□□၂ □□□□၃ □□□□၄ □ ၅ □□□□၆ □□□□၇ □	ပညာရေး □□□□ငွေကြေး □□□□ကျန်းမာရေး □□□□ဘာသာရေး □□□□စိုက်ပျိုးမွေးမြူရေး □□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □□□□၂ □□□□၃ □□□□၄ □	ပညာရေး □□□□ငွေကြေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
		၅ □□□□□၆ □□□□□၇ □	□□□□□ကျန်းမာရေး □□□□□ဘာသာရေး □□□□□စိုက်ပျိုးမွေးမြူရေး □□□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁ □□□□□၂ □□□□□၃ □□□□□၄ □ ၅ □□□□□၆ □□□□□၇ □	ပညာရေး □□□□□ငွေကြေး □□□□□ကျန်းမာရေး □□□□□ဘာသာရေး □□□□□စိုက်ပျိုးမွေးမြူရေး □□□□□သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လွဲလာတွေ့ရှိချက်။ ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင ်သတ်မှတ်ချက်
၁	မြေယာမဲ့	၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၁၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား		တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အိမ်ထောင်စု (၄)စုသာ မြေယာမဲ့ဖြစ်ပါသည်။ အဓိကအားဖြင့် စပါးနှင့် ပြောင်းတို့ကို စိုက်ပျိုးကြပြီး မြေယာတိုးချဲ့မှုများ အနည်းအကျဉ်းရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဇရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဇရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး Â ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ Â မရှိ □ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက်□ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် စိုက်ပျိုးရေရရှိရန်

မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၅၀	တင်း	၈၀	၁၂၀	၁၀၀	ဇူလိုင်	နိုဝင်ဘာ	မြင့် □□□□လတ် □□□□နိမ့် □	မြင့် □□□လတ် □□□□နိမ့် □□
ပြောင်း	၂၄၀	ဝိဿာ	၁၅၀၀	၂၂၀၀	၁၈၅၀	ဇွန်	အောက်တိုဘာ	မြင့် □□□□လတ် □□□□နိမ့် □	မြင့် □□□လတ် □□□□နိမ့် □□
								မြင့် □□□□လတ် □□□□နိမ့် □	မြင့် □□□လတ် □□□□နိမ့် □
								မြင့် □□□□လတ် □□□□နိမ့် □	မြင့် □□□လတ် □□□□□နိမ့် □
								မြင့် □□□□လတ် □□□□နိမ့် □	မြင့် □□□□လတ် □□□□နိမ့် □
								မြင့် □□□□လတ် □□□□နိမ့် □	မြင့် □□□လတ် □□□□နိမ့် □□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးနှင့် ပြောင်းသီးနှံကို အဓိကစိုက်ပျိုးကြပါသည်။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်ကန်မှုအပေါ် မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။ စပါးကို ဝမ်းစာအတွက်သာ အဓိကထား စိုက်ပျိုး ကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်		၀	၀	၀
လက်တွန်းထွန်စက်	၁၅	၀	၀	၀
အစေ့ချ ကိရိယာ		၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၁	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၇	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၆	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကအားဖြင့် လက်တွန်းထွန်စက်များကိုသာ ပိုင်ဆိုင်အသုံးပြုလျက်ရှိပါသည်။ အခြား အဆင့်မြှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများ ပိုင်ဆိုင်မှုမရှိပဲ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စပါးခြွေလှေ့စက် မရှိဘဲမိရိုးဖလာရိတ်သိမ်းခြွေလှေ့ခြင်းကိုသာပြုလုပ်ကြပါသည်။ လက်တွန်းထွန်စက်ကို တစ်နာရီလျှင် (၃၀၀၀)နှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်ပါသည်။ ရေစုပ်စက်ကို ငှားရမ်းအသုံးပြုခြင်းမရှိကြပါ။ ရေစုပ်စက်ပိုင်ဆိုင်သူအိမ်ထောင်စု(၇)စု ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း □□□□ကောင်း Â□□□သင့်တင့်မျှတ □□□□မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း □□□□ကောင်း Â□□□သင့်တင့်မျှတ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
	□□□□မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □□□□အသင့်အတင့်ရှိ Â□□□မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် Â□□□ရသည် □□□□မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □□□Âသီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □□□□မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် Â□□□ဝယ်ယူရနိုင်သည် □□□□မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ဝယ်ယူရနိုင်သည် Â □□□□မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် □□□□ရနိုင်သည်Â□□□□မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် Â□□□ရနိုင်သည် □□□□မဖြေဆိုပါ □
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □□□Âသီးနှံများကို ရောင်းချနိုင်သည် □□□□မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လယ်ယာမြေများအားလုံးကို အသုံးချနိုင်ပါသည်။ သဘာဝမြေဩဇာများကို နီးစပ်ရာကျေးရွာများရှိ ကြက်ခြံများတွင် ဝယ်ယူအသုံးပြုကြသည်။ စိုက်ပျိုးမြေများတွင် ကြက်ချေးများကို (၃)နှစ်တခါထည့်ကြသည်။ဓါတ်မြေဩဇာများကိုလည်း ကျောက်မဲမြို့တွင် အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ဓါတ်မြေဩဇာများနှင့် သဘာဝဓါတ်မြေဩဇာများ တွဲဖက်အသုံးပြုကြပါသည်။ ထွက်ကုန်များကို ကျောက်မဲမြို့တွင် ရောင်းချနိုင်သည်ည။ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများသုံးစွဲရာတွင် တောင်သူအချင်းချင်းပြောကြသည်များကို သာအသုံးပြုကြပြီး စိုက်ပျိုးရေးနှင့် ဆက်သွယ်ကြခြင်းမရှိပါ။ လယ်ယာမြေများအား တောင်ကုန်းတောင်စောင်းများတွင် တိုးချဲ့စိုက်ပျိုးနိုင်ပါသည်။ လက်ရှိအချိန် တွင် ရာသီဥတုမှန်ကန်သောကြောင့် စိုက်ပျိုးရေးအတွက်

အဆင်ပြေပါသည်။ မြို့နှင့်လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် လိုအပ်သောသွင်းအားစုများအား အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ပါသည်။ ချေးငွေကို ပွဲစားများထံမှရရှိပြီး အတိုးနှုန်း (၅%)နှုန်းပေးရသည်။ ရက်တိုလျှင် အတိုးနှုန်းမပေးဆောင်ရပါ။ သီးနှံပေါ်ချိန်ရောက်မှ သီးနှံပြန်ပေး၍လည်း ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း □□□□ရာသီဥတုမမှန် □□□□မဖြေဆိုပါ □Â
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□□□□လယ်ယာမြေဆုံးရှုံးမှုများသည် □□□□လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် □□□□ပလပ်မြေများရှိသည် □□□□ပလပ်မြေအသင့်အတင့်ရှိသည် □□□□မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် □□□□လုံးဝမရ □□□□မဖြေဆိုပါ □
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ □□□□သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ □□□□မဖြေဆိုပါ □
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ □□□□အသင့်အတင့်ကျ □□□□အနည်းငယ် □□Â□□မဖြေဆိုပါ □

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြဿနာအခက်အခဲအဖြစ် တစ်ခါတစ်ရံ ရာသီဥတု မမှန်ကန်မှုကြောင့် သီးနှံများဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။ စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ရရှိမှုမရှိပေ။ ဆေးကုမ္ပဏီများ၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်မှုအားနည်း ခြင်းကြောင့် ဖြစ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂	၅
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
သိုး	၀	၀
ဝက်	၅	၅၆
ကြက်	၁၄	၁၂၁
ဘဲ	၁	၅
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်း မွေးမြူရေးလုပ်ငန်း	၀	၀
ရေချို ငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ အိမ်တွင်တစ်နိုင်တစ်ပိုင်အနေဖြင့်သာ အနည်းငယ်မွေးမြူကြပါသည်။ နွား၊ ဝက်၊ ကြက် မွေးမြူရေးလုပ်ငန်းများတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	ပေါများ ?????အသင့်အတင့် ?????မဖြေဆိုပါ ?Â
ရေရရှိမှု	အလုံအလောက်ရနိုင် ??Â?အသင့်အတင့်ရနိုင် ???မဖြေဆိုပါ ?
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် Â?????မဖြေဆိုပါ ?
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင် ??Â?ချေးငွေ အသင့်အတင့်ရနိုင် ?????မဖြေဆိုပါ ?
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ?Â??သွင်းအားစုများ ဝယ်ယူနိုင်သည် ?????မဖြေဆိုပါ ?
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ?Â??နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ?????မဖြေဆိုပါ ?
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ?Â??ထုတ်ကုန်များကို ရောင်းချနိုင်သည် ?????မဖြေဆိုပါ ?
